


# မယ့်ဖွါလွင် တက္ကသိုလ်
# Mae Fah Luang University

လှမ်းကြည့်လှည့်ပါ။ AT A GLANCE


# ၁။ကျောင်းရာဇဝင်

မယ်ဖွါလွှမ်တက္ကသိုလ်သည် အာဆီယံသုံးနိုင်ငံဆုံမှတ် မဲခေါင်ရွှေတြိဂံနယ်မြေ၏ဂင်ပေါက်တံခါးဝတွင်တည်ရှိပါသည်။၁၉၉၈ ခုနှစ်ကတည်းက သီးခြားအုပ်ချုပ်မှုနယ်ပယ်(သီးခြားတက္ကသိုလ်အဖြစ်) တည်ထောင်ခဲ့ပါသည်။ ဤတက္ကသိုလ်ကို ထိုင်းဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားခေါင်ကြီးသီရိနာဂရင်ဒြာ (Her Royal Highness Princess Srinagarindra) မှ ထိုင်းနိုင်ငံမြောက်ပိုင်းသားများနှင့် အိမ်နီးချင်းနိုင်ငံများမှ ကျောင်းသူကျောင်းသားများ အတွက် ရည်ရွယ်ပြီး အကြွင်နာကြီးစွာဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သူမကိုလေးစားဂုဏ်ပြုသောအားဖြင့် မယ်ဖွါလွှမ် တက္ကသိုလ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

ဆယ်စုနှစ်နှစ်ခုနီးပါး ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မယ်ဖွါလွှမ် တက္ကသိုလ်သည် ထိုင်းနိုင်ငံ၏ အမြန်ဆုံးတိုးတက်လာသောအဆင့်မြင့်ပညာရေးအဖွဲ့ အစည်းတစ်ခု အဖြစ်သတ်မှတ်ခံထားရပါသည်။

"ပန်းဥယျာဉ်ထဲမှတက္ကသိုလ်" ဟူသောအယူအဆ အကျိုးတရားကြောင့် နှစ်စဉ်နှစ်တိုင်း လာရောက်ကြသော ဧည့်သည်တော်များအားလုံးနှင့် ကျောင်းသူကျောင်းသားများအားလုံးကို ပတ်ဝန်းကျင် ယဉ်ကျေးမှုထုံးစံများနှင့် ပျော်ရွှင်စွာနေထိုင်ရင်း စာပေပညာသင်ကြားလိုချင်စိတ်ကို ဆွဲဆောင်ဖြစ်ပေါ် စေပါသည်။ပျော်ရွှင်ဖွယ် အရာများကို ခံစားကြည့်ရန် မယ်ဖွါလွှမ် တက္ကသိုလ်မှ ဖိတ်ခေါ်အပ်ပါသည်။ နိုင်ငံတကာမှလာတက်ကြသောကျောင်းသူကျောင်းသားများအားလုံးနှင့် ဒေသခံပြည်သူကျောင်းသားကျောင်းသူများ အချင်းချင်း ပူးတွဲဆောင်ရွက်တတ်ရန် ၊ပါဝင်ကူညီတတ်ရန်၊တစ်ဦးနှင့်တစ်ဦး ကူညီစာနာတတ်ရန်တို့ကို ရည်ရွယ်ပါသည်။

နိုင်ငံတကာရေးရာအဖွဲ့အစည်း (The International Affairs Division) ကလည်းကျောင်းသားကျောင်းသူများအားလုံး၏ လိုအပ်ချက်များကို ကူညီဖြည့်စည်းပေးပါသည်။ သင်တို့၏ အနာဂတ်ထွန်းလင်း တောက်ပဖို့ဆိုရင်တော့ မယ်ဖွါလွှမ် တက္ကသိုလ်ကို ဦးစားပေးစဉ်းစားပါရန် မယ်ဖွါလွှမ် တက္ကသိုလ်မှ လှိုက်လှဲစွာကြိုဆိုဖိတ်ခေါ်အပ်ပါသည်။



# ၂။ဘာသာရပ်များနှင့်
## သင်ကြားရေးအစီအစဉ်များ

## စိုက်ပျိုးရေးကျောင်း AGRO-INDUSTRY

အာဆီယံဒေသအတွင်းရှိ စိုက်ပျိုးရေးစက်ရုံများတွင် အဆင့်မြင့် သင်ကြားခြင်း နှင့် သုတေသနပြုလုပ်ခြင်းဖြင့် အရည်အချင်းပြည့်မီသော ၊ကျွမ်းကျင်ထူးချွန်သော ၊ စွမ်းဆောင်ရည်ပြည့်ဝ၍ ဦးဆောင်နိုင်သော စိုက်ပျိုးရေးကျောင်းဆင်းများ ၊ စိုက်ပျိုးထုတ်လုပ် ထုပ်ပိုးကျွမ်းကျင်သော အသိပညာရှင် ၊ အတတ်ပညာရှင်များ ထွက်ပေါ်လာစေရန်အထူးအလေးပေး သင်ကြားလေ့ကျင့်ပေးနေပါသည်။

ရိုးရိုးဘွဲ့

- **B.Sc.** in Food Technology

(အစားအသောက်ပိုင်းဆိုင်ရာသိပ္ပံဘွဲ့)

- **B.Sc.** in Technology Management of Agricultural Produces and Packaging

(စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာ စီမံခန့်ခွဲမှု နည်းပညာဘွဲ့)

ဘွဲ့လွန်

- **M.Sc. and Ph.D.** in Food Technology

(အစားအသောက်ပိုင်းဆိုင်ရာ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့)

- **M.Sc.** in Technology Management of Agricultural Produces

(စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုနည်းပညာ မဟာဘွဲ့)

## နုပျိုခြင်းနှင့် နုသစ်စေသောဆေးဖက်ဆိုင်ရာကျောင်း ANTI-AGING AND REGENERATIVE MEDICINE

အလှအပဆိုင်ရာ နည်းပညာနယ်ပယ်တွင် ထိုင်းနိုင်ငံသည် ရှေ့ဆောင်ပထမဖြစ်စေရန် ရည်ရွယ်တည်ထောင်ထားသော ကျောင်း ကျောင်းသူ ၊ကျောင်းသားများကို သုတေသနပြုခြင်း ၊ ခေတ်မီ၍ ခေတ်ရှေ့ပြေးသော အသိပညာ ၊ အတတ်ပညာများဖြင့် လေ့ကျင့်မှု ၊ စမ်းသပ်မှုများစွာဖြင့် အထူးသင်ကြားပေးလျက်ရှိပါသည် ။ ကမ္ဘာတစ်ဝှမ်း အလှအပဆိုင်ရာနည်းပညာနယ်ပယ်တွင် အဆင့်အမြင့်ဆုံး ကျောင်းအဖြစ် မကြာမီကာလအတွင်းထိုးဖောက် အောင်မြင် မည်ဟုခိုင်မာသောယုံကြည်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားပါသည်။

ဘွဲ့လွန်

- **M.Sc. and Ph.D.** in Anti-Aging and Regenerative Medicine

(နုပျိုခြင်းနှင့် နုသစ်စေသောဆေးဖက်ဆိုင်ရာ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့)

- **M.Sc. and Ph.D.** in Anti-Aging and Regenerative Science

(နုပျိုခြင်းနှင့် နုသစ်စေသောဆေးသိပ္ပံ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့)

- **M.Sc. and Ph.D.** in Dermatology

(အရေပြားရောဂါဗေဒ မဟာဘွဲ့နှင့် ဒေါက်တာဘွဲ့)

## အလှပြင်ပစ္စည်း ဆိုင်ရာနည်းပညာ ဘာသာရပ်ကျောင်း COSMETIC SCIENCE

အာဆီယံနိုင်ငံများထဲတွင် ပထမဦးဆုံးအဖွဲ့အစည်းအဖြစ် ဂုဏ်ယူစွာဖြင့် အလှအပဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ အလှအပဆိုင်ရာကိစ္စရပ်များကို အထူးစိတ်ဝင်စားသော ကျောင်းသားကျောင်းသူများအတွက် အကောင်းဆုံးဘာသာရပ် ဖြစ်ပါသည်။ သက်ဆိုင်ရာဘာသာတိုင်းကို အခြေခံမှစပြီး လက်တွေ့အသုံးချနိုင်သည်အထိ သင်ကြားပေးပါသည်။ အလှကုန်ထုတ်လုပ်ရေးစက်ရုံ များ ဖွင့်နိုင်သည်အထိ ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

ရိုးရိုးဘွဲ့

- **B.Sc.** in Beauty Technology (လှပခြင်းဆိုင်ရာ နည်းပညာ)
- **B.Sc.** in Cosmetic Science (အလှပြင်ပစ္စည်း ဆိုင်ရာနည်းပညာ)

ဘွဲ့လွန်

- **M.Sc. and Ph.D.** in Cosmetic Science

(အလှပြင်ပစ္စည်းဆိုင်ရာနည်းပညာ မဟာဘွဲ့နှင့်ဒေါက်တာဘွဲ့)

## သွားဖက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်း DENTISTRY

သွားဖက်ဆိုင်ရာ အသိပညာများကို လိုလားဆန္ဒရှိခြင်း ၊ ကိုယ်တိုင်လေ့လာရှာဖွေခြင်း ၊ စွမ်းဆောင်ရည်များနှင့်ဆေးသိပ္ပံဆိုင်ရာ ပုံစံကျသောတွေးခေါ် မြော်မြင်မှုစသည့် အရည်အချင်းများနှင့် ပြီးပြည့်စုံ သောသွားဖက်ဆိုင်ရာဆေးကျောင်းသူကျောင်းသားများကိုအစဉ်အလာ ကြီးမြင့်စေရန်သင် ကြားပို့ချလျက်ရှိ ပါသည်။

ရိုးရိုးဘွဲ့

- **D.D.S.** Doctor of Dental Surgery (*Only for Thai citizens*)

(သွားဆရာဝန် ) (ထိုင်းနိုင်ငံသားများသာ)



သင်ခန်းစာများကို ဘန်ကောက်မြို့ အရှေ့လမ်း (အာသောကလမ်း) မယ်ဖွါလွှမ်တက္ကသိုလ်ဆေးရုံ တွင်သင်ကြားပေးပါသည် ။

## ဆေးဝါးကျန်းမာရေး HEALTH SCIENCE

ကျန်းမာရေးဆိုင်ရာနည်းပညာရှင်များကို မွေးထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် အဆင့်မြင့် အသက်မွေးဝမ်းကျောင်းနှင့် စာရိတ္တပိုင်းဆိုင်ရာ အရည်အသွေး မြင့်မားစေရန် နိုင်ငံတကာအဆင့်မှီနည်းပညာများဖြင့် သင်ကြားပေးလျက် ရှိပါသည်။သက်ဆိုင်ရာ ဘာသာရပ်တိုင်းကို အခြေခံမှုစပြီး လက်တွေ့အသုံးချနိုင်သည်အထိ ရိုးရာနည်းပညာ ဒေသဆိုင်ရာနည်းပညာ များနှင့်ခေတ်မီနည်းစနစ်တို့ကိုပေါင်းစပ်၍ ထူးခြားဆန်းသစ်သောပညာရပ် များကိုသင်ကြားပေးပါသည်။

ရိုးရိုးဘွဲ့

- **B.ATM.** in Applied Thai Traditional Medicine

*(Students must be fluent in Thai)* (အသုံးချထိုင်းဆေးဝါးကျန်းမာရေး)
(တက်ရောက်လိုသောကျောင်းသားသည် ထိုင်းစကား ကျွမ်းကျင်စွာ ပြောနိုင်ရမည်။)

- **B.CM.** in Traditional Chinese Medicine (တရုတ်ရိုးရာဆေးပညာ)
- **B.PT.** in Physical Therapy *(Students must be fluent in Thai)*

(အကြောကိုင်နည်းပညာကုထုံး) (တက်ရောက်လိုသောကျောင်းသားသည် ထိုင်းစကား ကျွမ်းကျင်စွာ ပြောနိုင်ရမည်။)

- **B.P.H.** in Public Health (ပြည်သူ့ကျန်းမာရေး)
- **B.Sc.** in Environmental Health

(ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုနည်းပညာ)

- **B.Sc.** in Occupational Health and Safety

(ကျန်းမာရေးနှင့်လုံခြုံရေးကိုထိန်းသိမ်းစောင့်ရှောက်ခြင်း)

- **B.Sc.** in Sports and Health Science

(အားကစားနှင့် ကျန်းမာရေးနည်းပညာ)

ဘွဲ့လွန်

- **M.Sc.** in Public Health (ပြည်သူ့ကျန်းမာရေး)

## သူနာပြု NURSING

အရည်အသွေးပြည့်မှီသောသူနာပြု များကို မွေးထုတ်ပေးနိုင်သောကြောင့် ပြည်တွင်းတွင်သာမက နိုင်ငံတကာကပါ အသိအမှတ်ပြုလက်ခံပါသည်။ ထိုင်းနိုင်ငံမြောက်ဖက် အထက်ပိုင်းဒေသနှင့် မယ်ခေါင် နယ်စပ်ဒေသ တွင် မီးပြတိုက်သဖွယ် လမ်းပြ၍ ကျန်းမာရေးပြုစုစောင့်ရှောက်နိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ထားပါသည်။

သူနာပြုအကူသင်တန်း

- **Cert.** for Practical Nursing *(Only for Thai citizens)*

(အသိအမှတ်ပြုလက်မှတ်ပေးမည်) (ထိုင်းနိုင်ငံသားများသာ)

ရိုးရိုးဘွဲ့

- **B.S.N.** in Nursing Science *(Only for Thai citizens)*

(သူနာပြု ဘွဲ့) (ထိုင်းနိုင်ငံသားများသာ)

## သတင်းနှင့်နည်းပညာကျောင်း IT

မယ်ဖ္ဖါလွှမ် တက္ကသိုလ်၏ တိုးတက်မှုအမြင့်ဆုံးဘာသာရပ်ဖြစ် သည်။ ကျွမ်းအဆင့်မှီ ဘွဲ့ရပညာတတ်များနှင့် သုတေသနပညာရှင်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားပါသည်။ စိတ်ကူးဉာဏ် အမျှော်အမြင် ကြီးမားပြီး၊ အားကျဂုဏ်ယူ ဖွယ်ကောင်းသော ၊ ကျွမ်းအဆင့်မှီသော၊ အမြင်စူးရှသော ဆန်းသစ်တီထွင်နိုင်သောအ တတ်ပညာရှင်များ ကိုယ်တိုင် ဘက်စုံထောင့်စုံမှ ပြိုင်ဘက်ကင်းအ တတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင် ပေးလိုသည့်အတွက် မယ်ဖ္ဖါလွှမ်တက္ကသိုလ်၏ သတင်းနှင့် နည်းပညာဌာနမှ လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုနေပါသည်။

ရိုးရိုးဘွဲ့

- **B.Eng.** in Computer Engineering

(ကွန်ပျူတာ အင်ဂျင်နီယာ)

- **B.Eng.** in Information and Communication Engineering

(သတင်းနှင့် ဆက်သွယ်ရေးအင်ဂျင်နီယာ)

- **B.Sc.** in Computer Science

(ကွန်ပျူတာသိပ္ပံ)

- **B.Sc.** in Information Technology

(သတင်းနည်းပညာ)

- **B.Sc.** in Multimedia Technology and Animation

(ရုပ်သံလုပ်ရှားမှုနှင့် တင်ဆက်မှုနည်းပညာ)

- **B.Sc.** in Software Engineering

(ဆော့ဖ်ဝဲ အင်ဂျင်နီယာ)

ဘွဲ့လွန်

- **M.Eng.** and **Ph.D.** in Computer Engineering

(ကွန်ပျူတာအင်ဂျင်နီယာမဟာဘွဲ့နှင့်ဒေါက်တာဘွဲ့)

- **M.Sc.** in Information Technology

(သတင်းနည်းပညာမဟာဘွဲ့)

## ဥပဒေကျောင်း LAW

နယ်စပ်ဒေသရှိ ဥပဒေကျောင်းများတွင်ခေတ်နှင့်အညီ တိကျသေချာ သော စည်းမျဉ်းဥပဒေများကိုစိတ်အားထက်သန်စွာဖြင့်သင်ကြားပို့ချ ရန်၊ အချို့သောပညာရပ် နယ်ပယ်နှင့်မဆိုင်သော တရားရေးစီမံချက်များကို လည်းနားလည်တတ်ကျွမ်းရန် အရေးကြီးသော စည်းမျဉ်းဥပဒေများကို သင်ကြားပေးပါသည်။ ဥပဒေဘာသာရပ်ကိုသင်ကြားစေလိုခြင်း ရဲ့ ရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများအသိဉာဏ်ပညာ ဗဟုသုတ တိုးပွါးစေရန် ၊ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စာတွေ့ပိုင်း အရသော်လည်းကောင်း၊ လက်တွေ့ပိုင်းအရပါ လည်းကောင်း နားလည်သိတတ်ကျွမ်း စေလိုပြီးနိုင်ငံတစ်နိုင်ငံ၌ အရေးပါဆုံးဖြစ်သော လူ့ကျင့်ဝတ်ဆိုင်ရာဥပဒေ၊တရားမျှတမှုဆိုင်ရာဥပဒေနှင့်ကိုယ်ကျင့်တရားအ ပါအ ဝင် ဥပဒေပေါင်းများစွာကိုလေ့ကျင့်သင်ကြားပေးပါသည်။

ရိုးရိုးဘွဲ့

- **LL.B.** in Laws *(Students must be fluent in Thai)*

(ဥပဒေ) (ကျောင်းသားများသည်ထိုင်းဘာသာစကားကိုကျွမ်း ကျင်စွာပြောဆိုနိုင်ရမည်။)

ဘွဲ့လွန်

- **LL.M.** in Laws *(Students must be fluent in Thai)*

(ဥပဒေမဟာဘွဲ့) (ကျောင်းသားများသည်ထိုင်းဘာသာစကားကိုကျွမ်း ကျင်စွာပြောဆိုနိုင်ရမည်။)

## စီမံခန့်ခွဲရေးဘာသာ MANAGEMENT

ထိုင်းနိုင်ငံနှင့်၎င်း၏ အနီးတစ်ဝိုက်ရှိဒေသများမှ အစိုးရဌာနဆိုင်ရာများ၊ စက်မှုလက်မှု လုပ်ငန်းများ၊ အာဆီယံကူးသန်းရောင်းဝယ်ရေးတို့အတွက် လိုအပ်သော လက်မှုအတတ်ပညာကျွမ်းကျင်သူ၊ ခေတ်ပညာတတ်လူငယ်များစွာကို မွေးထုတ်ရန် ရည်ရွယ်ပါသည်။ စီးပွားရေးဆိုင်ရာဘာသာများစွာထဲမှာ အရေးပါဆုံးသောစီမံခန့်ခွဲမှုဘာသာရပ်များဖြစ်ပါသည်။ ကျယ်ပြန့်သောကြီးကျယ်ခန်းနားသည့် ကမ်းလမ်းမှုများကို ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအမျိုးမျိုးတို့ဖြင့် ခေတ်မီစနစ်ကျလှစွာ သင်ကြားပေးနေသည့်အပြင် အကျိုးအမြတ်အနေအဖြင့်နိုင်ငံရပ်ခြားရှိ နာမည်ကြီး တက္ကသိုလ်များသို့အပြန်အလှန်သွားရောက်သင်ကြားနိုင်သော အခွင့်အရေးများကို ချိတ်ဆက်ပေးထားပါသည်။

ရိုးရိုးဘွဲ့

- **B.Acc.** in Accounting (စာရင်းကိုင်)
- **B.B.A.** in Aviation Business Management (လေကြောင်းစီမံ)
  - *Aviation Services* (လေကြောင်းဆိုင်ရာဝန်ဆောင်မှု)
  - *Aviation Logistics Business* (လေကြောင်းဆိုင်ရာထောက်ပံ့ပို့ဆောင်ရေး)
  - *Aviation Operations* (လေကြောင်းဆိုင်ရာပြုပြင်ပြင်ဆင်ခြင်း)
- **B.B.A.** in Business Administration (စီးပွားစီမံ)
- **B.B.A.** in Hospitality Industry Management

(ကြိုဆိုဧည့်ခံရေးစီမံခန့်ခွဲမှု)

- **B.B.A.** in Logistics and Supply Chain Management

(ထောက်ပံ့ပို့ဆောင်ရေးဆက်သွယ်ရေးနည်းပညာ)

- **B.B.A.** in Tourism Management (ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုနည်းပညာ)
- **B.Econ.** in Economics (စီးပွားရေး)

ဘွဲ့လွန်

- **M.B.A. and Ph.D.** in Business Administration

(စီးပွားရေးဆိုင်ရာစီမံခန့်ခွဲခြင်း)

- **M.B.A.** in Logistics and Supply Chain Management

(ထောက်ပံ့ပို့ဆောင်ရေးဆက်သွယ်ရေးနည်းပညာ)

## ဘာသာရပ်ပုံကျောင်း LIBERAL ARTS

နိုင်ငံခြားဘာသာစကားမျိုးစုံနှင့် ယဉ်ကျေးမှု တို့ကို အရည်အသွေး ပြည့်ဝစွာဖြင့်တတ်မြောက်နိုင်ပြီး သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် အကောင်းဆုံးသင်ကြားပေးရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားပါသည်။ ထိုင်းဘာသာစကားနှင့်နိုင်ငံခြားဘာသာစကားမျိုးစုံ အတွက် ထူးချွန်ပြောင်မြောက်သောသူများဖြစ်လာစေနိုင်သောကျောင်းဖြစ်ပြီး နိုင်ငံတကာနှင့်ပတ်သက်၍ စည်းမျဉ်းဥပဒေများနှင့် အစီအစဉ်များကို လေ့လာသင်ကြားရရှိနိုင်သော ပြိုင်ဖက်မရှိအကောင်းဆုံး ကျောင်း ဖြစ်သည်။

ရိုးရိုးဘွဲ့

- **B.A.** in English (အင်္ဂလိပ်အထူးပြုဘာသာ)
- **B.A.** in Thai Language and Culture

(ထိုင်း ဘာသာစကားနှင့် ယဉ်ကျေးမှု)

ဘွဲ့လွန်

- **M.A. and Ph.D.** in English for Professional Development

(အင်္ဂလိပ်စာအထူးပြု မဟာဘွဲ့နှင့်ဒေါက်တာဘွဲ့)




## ဆေးတက္ကသိုလ် MEDICINE

ကိုယ်ပိုင်မိသားစုနှင့်တကွ ပတ်ဝန်းကျင်ရှိလူသားအားလုံးကို အလေးထားဂရုစိုက်နိုင်ရန် ဆရာဝန်ကောင်းများကို မွေးထုတ်ရန် ရည်ရွယ်ပါသည်။ လူနာများကိုအနီးကပ်ပြုစုခြင်း၊ မိသားစုနှင့်ပတ်ဝန်းကျင်တစ်ခုလုံးကို ပြုစုစောင့်ရှောက်ခြင်း၊ ဆေးသိပ္ပံဘာသာရပ်ကို ပြုမူလုပ်ရှားမှုနှင့် လူမှုရေးသိပ္ပံ ဘာသာရပ်တို့ဖြင့် ပူးပေါင်းသင်ကြားပေးခြင်း၊ လူနာများ၏ဘဝ ဆေးကုသ ခံယူနိုင်မှုနှင့်ရရှိ လာသောအရည်အချင်းရလဒ်အဖြေများအားလေ့လာနိုင်ခြင်း၊ သင်ယူခြင်း၊ပြုစုကုသခြင်း စသည့်သင်ခန်းစာများကိုသင်ကြားပေးပါသည်။

ရိုးရိုးဘွဲ့

- **M.D.** Doctor of Medicine *(Only for Thai citizens)*

(ဆရာဝန်ဘွဲ့) (ထိုင်းနိုင်ငံသားများသာ)

# သိပ္ပံဘာသာရပ်များကျောင်း SCIENCE

ခေတ်မီသိပ္ပံပညာရပ်များကိုစဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာပြီး နိုင်ငံတကာ၏ တိုးတက်မှုလုပ်ရှားမှု နည်းပညာများ ၊ပညာရေးအရည်အသွေးမြှင့်တင်ခြင်းများကို အဆက်မပြတ် လေ့လာသင်ကြားပေးခြင်းဖြင့် ကျွမ်းကျင်၊ တော်ထက်မြက်သော ပညာတတ်များကိုမွေးထုတ်ခြင်းဖြင့် သိပ္ပံနှင့်နည်းပညာ ၊စီးပွါးရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိစေရန် ဖြစ်ပါသည်။

**ရိုးရိုးဘွဲ့**

- **B.Sc.** in Applied Chemistry (အသုံးချ ဓါတု)
- **B.Sc.** in Biosciences (ဇီဝသိပ္ပံဘွဲ့)
- **B.Eng.** in Materials Engineering (ရုပ်ဝတ္ထုပိုင်းဆိုင်ရာအင်ဂျင်နီယာ)

**ဘွဲ့လွန်**

- **M.Sc. and Ph.D.** in Applied Chemistry (အသုံးချဓါတု)
- **M.Sc. and Ph.D.** in Biosciences (ဇီဝသိပ္ပံဘွဲ့)
- **M.Sc. and Ph.D.** in Biotechnology (ဇီဝနည်းပညာ)
- **M.Sc. and Ph.D.** in Computational Science

(ကွန်ပျူတာဆိုင်ရာ နည်းပညာ)

- **M.Sc. and Ph.D.** in Materials Science (ရုပ်ဝတ္ထုဆိုင်ရာနည်းပညာ)





# တရုတ်ကျောင်း SINOLOGY

တရုတ်နိုင်ငံ၏ ယဉ်ကျေးမှု ၊ စီးပွါးရေး ၊ လူမှုရေး ၊နိုင်ငံရေးနှင့်နိုင်ငံတကာဆက်ဆံရေး စသည့် ကဏ္ဍများနှင့် ပတ်သက်၍ သေချာနားလည်သဘောပေါက်စေရန် ၊ တရုတ်ဘာသာစကား ၊ ဘာသာရပ်သင်ခန်းစာ လေ့လာသင်ယူမှုများနှင့် ပတ်သက်၍ ကျွမ်းကျင်နားလည် တတ်မြောက်သော အရည်အချင်း များနှင့် ပြည့်စုံသော ဘွဲ့ရပညာတတ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ထားပါသည်။

**ရိုးရိုးဘွဲ့**

- B.A. in Business Chinese (လုပ်ငန်းသုံး တရုတ်ဘာသာ)
- B.A. in Chinese Language and Culture

(တရုတ်ဘာသာစကားနှင့် ယဉ်ကျေးမှု)

- B.A. in Chinese Studies (Focused on the Policy and Strategy of China)

(တရုတ်နိုင်ငံရေးနှင့် သေနင်္ဂဗျူဟာအတတ် အနီးကပ်ပို့ချခြင်း ၊လေ့လာခြင်း)

- B.Ed. in Teaching Chinese Language (5 years)

(တရုတ်ဘာသာဆရာအတတ်သင်) (၅နှစ်) ဘွဲ့လွန်

**ဘွဲ့လွန်**

- M.A. in Chinese - Thai Translation and Interpretation

(တရုတ်-ထိုင်း ဘာသာပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း)

( * တရုတ်ကျောင်းသားများလက်မခံပါ ။)

(** ကျောင်းသားများသည် တရုတ်နှင့် ထိုင်းဘာသာစကား နှစ်မျိုးစလုံးကို ကျွမ်းကျင်စွာပြောဆိုနိုင်ရမည် ။)

- M.A. in Teaching Chinese as a Foreign Language

(မာစတာဘွဲ့လွန်တွင်တရုတ်ဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ်သင်ကြားသည်။)

# ဆန်းသစ်သောလူမှုဆက်နွယ်ချက်ဆိုင်ရာကျောင်း SOCIAL INNOVATION

ကျောင်းသား၊ကျောင်းသူများကို ကမ္ဘာလုံးဆိုင်ရာ လူမှု ရေး ၊စီးပွါးရေးသုံးသပ်ချက်များ ၊ ဖွံ့ဖြိုးတိုးတက်နေသောစီမံကိန်းများ ၊ဆက်သွယ်ချက်များ လူမှုကွန်ယက်များ ၊ ကမ္ဘာလုံး ဆိုင်ရာ ဆက်သွယ်မှု ၊နိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးမှုများကို အားလုံးပေါင်းစပ်၍ အနီးကပ် သင်ကြားပေးပါသည်။ ကျောင်းသားများ ယဉ်ကျေးမှုအဖုံဖုံ ၊လူနေမှုစရိုက်အမျိုးမျိုး ကို သိရှိနားလည်ပြီးကမ္ဘာတ ပှမ်း တိုးတက်အောင်မြင်ဖွံ့ဖြိုးမှုကို ကိုယ်တွေ့လုပ်ဆောင် နားလည်နိုင်စေရန် သင်ကြားပို့ချပေးနေပါသည်။

**ရိုးရိုးဘွဲ့**

- **B.A.** in International Development

(နိုင်ငံတကာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ဘွဲ့)